လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ January 2025

## အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေးကျင်းပခြင်း



**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်** **နေပြည်တော်**

အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန် ထမ်းဦးစီးမှူးများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ကလေးများသည် အနာဂတ်နိုင်ငံတော်၏ မျိုးဆက်သစ်များဖြစ်၍ ကလေးများအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ အာဟာရ၊ တစ်ကိုယ်ရည် သန့်ရှင်းရေး၊ ပညာရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအားဖြင့် မိသားစုနှင့် ရပ်ရွာအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ် ဘဝများ ရရှိစေရန်သာမက နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေမှာဖြစ်ပါကြောင်း၊ မွေးစမှ (၈)နှစ်အရွယ်ကလေးများ၏ ဖွံ့ဖြိုးရေးသည် အလွန်အရေးကြီးသောကြောင့် စနစ်တကျနှင့် နည်းလမ်းမှန်ကန်စွာ ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် ကလေးများ၏ဘဝအတွက် အခြေခံအုတ်မြစ်ကောင်းများ ရရှိစေမှာဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် နှစ်အလိုက် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းစဉ်များအပေါ်ပြန်လည်သုံးသပ်ပြီးကော်မတီဝင် သက်ဆိုင်ရာဌာနများ၏ အကြံပြုချက် များနှင့်အညီ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲရန် လိုပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း

ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စု အစိုးရအဖွဲ့ သို့ တင်ပြဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေ လွှမ်းခြုံမှုနှင့်ပတ်သက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အသက် (၆) လမှ (၈) နှစ်အရွယ် အထိ ၃၅.၂၄ ရာခိုင်နှုန်းရှိပါကြောင်း၊ ၎င်းအနက် အသက် (၃) နှစ်မှ (၅) နှစ်အထိ ၂၂.၄၄ ရာခိုင်နှုန်းရှိပြီး အသက် (၆)နှစ်မှ (၈)နှစ်အထိ ၈၃.၁ ရာခိုင်နှုန်း ရှိသည် ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မြို့နယ်တစ်မြို့နယ် တွင် စံပြ မူလတန်းကြိုကျောင်းတစ်ကျောင်း ရှိရန်လိုအပ် သောကြောင့်ဆောက်လုပ်နိုင်ရေးစီမံကိန်းကိုထည့်သွင်း ရေးဆွဲထားပါကြောင်း၊ ရှေးဦးအရွယ်ကလေး သူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ် ရေးအဖွဲ့၏“ရန်ပုံငွေဆိုင်ရာဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း များ”ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီးရန်ပုံငွေထိန်းသိမ်း ရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ ပါကြောင်း၊ ဗဟိုကြီးကြပ်ရေး အဖွဲ့အနေဖြင့် ကောက်ခံ ရမည့် အခကြေးငွေများအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက် ရယူနိုင်ရေး ဆောင်ရွက်လျက် ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များ အနေဖြင့်လည်း ထုတ်ပြန်ထားပြီး ဖြစ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက် သွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက် လာသူ အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးများနှင့် အဖွဲ့ဝင်များက ရှေးဦးအရွယ် ကလေး သူငယ်ဖွံ့ဖြိုးရေးအတွက်ဆွေးနွေးခြင်း၊တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများ ကိုယ်စား နေပြည်တော်ကောင်စီ၊ လူမှုဝန်ထမ်းရုံးမှ ညွှန်ကြား ရေးမှူးက နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် များတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးကဏ္ဍ ဆောင်ရွက် နေမှုများကို တင်ပြခြင်းနှင့် တက်ရောက်လာသူများက အထွေထွေ ဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ပြီး ပြည်ထောင်စု ဝန်ကြီးကနိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်** **နေပြည်တော်**

ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၁၃-၁-၂၀၂၅)ရက်တွင် လူမှုဝန် ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြု လုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ တာဝန် ရှိသူများ၊ သင်တန်းနည်းပြများ၊သင်တန်းသား၊သင်တန်း

သူများ တက်ရောက်ကြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးကအဖွင့် အမှာစကား ပြောကြားရာတွင် ဌာနတွင်း အရာထမ်း/အမှုထမ်းများ အား ဥပဒေအသိပညာ ဖြန့်ဝေပေးနိုင်ရေး စီစဉ် ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည် ကျင့်သုံး နိုင်ရေးစီမံဆောင်ရွက်ရန် လမ်းညွှန်ထားရှိမှုများ နှင့် အညီ ဥပဒေရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် ဥပဒေ အသိပညာပြန့် ပွားရေးသင်တန်းများသို့ တက်ရောက် ပြီးဖြစ်သည့် ဝန်ကြီးဌာနမှ အရာထမ်းများက ဥပဒေ ဆိုင်ရာအသိပညာများ ဆက်လက် ဖြန့်ဝေပေးနိုင်ရန် ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ဥပဒေ ဆိုသည်မှာ လူအများလိုက်နာ ကျင့်သုံးရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းများဖြစ်သည်ဟု ယေဘုယျ အားဖြင့် နားလည်ကြရပြီး နိုင်ငံတော်တွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် ဥပဒေများကို လိုက်နာကြရ မှာဖြစ်ပါကြောင်း၊အစိုးရအုပ်ချုပ်ရေးယန္တရားလည်ပတ် နိုင်ရေး ပါဝင်ဆောင်ရွက်ကြရသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ဦးစီးဌာနအလိုက် လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ပြီး ထုတ်ပြန်ထားရှိသည့် ဥပဒေ၊ နည်းဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ ကို ထဲထဲဝင်ဝင် လေ့လာ သိရှိကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် ပြည်သူ နှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်ခြင်းကြောင့် ပိုမိုဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါ ကြောင်း၊ ပြည်သူတစ်ဦးအနေဖြင့်ရော ဝန်ထမ်းတစ်ဦး အနေဖြင့်ပါ ဆက်စပ်ပတ်သက်နေသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေ့လာသိရှိလိုက်နာ ဆောင်ရွက်ရန် လိုအပ်သည့် အတွက် သင်တန်းတွင် ဆွေးနွေးသည့် အကြောင်းအရာများကို အခြေခံပြီး ပိုမိုကျယ်ပြန့်စွာ ဆက်လက် လေ့လာကြရန် တိုက်တွန်း လိုပါကြောင်း ပြောကြားခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်သည့် ဥပဒေ အသိပညာပြန့်ပွားရေးသင်တန်းအား (၁၃-၁-၂၀၂၅) ရက်နေ့မှ (၁၄-၁-၂၀၂၅) ရက်နေ့အထိ နှစ်ရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီးလက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ၊ ဦးစီးမှူး၊ ဒုတိယဦးစီးမှူး စုစုပေါင်း သင်တန်းသား/သူ(၁၀၀)ဦး တက်ရောက်မည် ဖြစ်ပါ ကြောင်း သတင်းရရှိပါသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ(၁/၂၀၂၅) အစည်းအဝေးကျင်းပ

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၁/၂၀၂၅) အစည်းအဝေး ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေ ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့မှ ဒုတိယ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေး မှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာ စကား ပြောကြားရာတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းစီမံချက် စတုတ္ထသက်တမ်းကို (၁၀-၁၁-၂၀၂၄) ရက်နေ့မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက် တတိယသက်တမ်း၏ ဒုတိယ ခြောက်လပတ် ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ တင်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက

တစ်ဆင့် ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်ကော်မတီ၏ ဦးဆောင်မှုဖြင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆောင်ရွက်ချက်များကို သိရှိနားလည်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို ပြည်ထောင်စု အဆင့် တွင်သာမက တိုင်းဒေသကြီး/ ပြည်နယ်များမှာပါ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်** **နေပြည်တော်**

ဆက်လက်၍ ဝန်ကြီးဌာန အသီးသီးက ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို တင်ပြခြင်းနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများကို တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများက တတိယသက်တမ်း ဒုတိယခြောက်လပတ်အစီရင်ခံစာ(မူကြမ်း) အပေါ် အကြံပြုဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## “လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက် စတင်ခြင်းအခမ်းအနား” ကျင်းပဆောင်ရွက်

“လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက် စတင်ခြင်းအခမ်းအနား” ကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက In person ဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက Onlineဖြင့်လည်းကောင်းတက်ရောက်ခဲ့ကြပါသည်။




**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်** **နေပြည်တော်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝှမ်း ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုကြောင့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို နိုင်ငံအများကြုံတွေ့ခံစားနေရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရာသီဥတုပေါ်မူတည်ကာ တစ်နှစ်ပတ်လုံး သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိကြောင်း၊ မကြာမီတွင် ဆောင်းအကုန် နွေအကူးကာလကို ရောက်ရှိမည်ဖြစ်သည့် အတွက် နွေဦးရာသီအစနှင့် မုတ်သုန်အဝင်ကာလများတွင် လေပြင်းတိုက်ခတ်ခြင်း၊မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး လေပြင်းဘေးကြောင့် ထိခိုက်ပျက်စီးမှုသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း လေတိုက်နှုန်းပေါ်မူတည်ကာ လေပြင်းတိုက်ခတ်နိုင်မှုများ၊ မုန်တိုင်းဖြစ်ပေါ်နိုင်မှုများကို အဆင့်များ သတ်မှတ် အသိပေးလျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုများကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ် (၁၅)ခုတွင် နေအိမ်ပေါင်း (၂၃၇၀၀၀)ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုများလျော့နည်းစေရန်အတွက်လေပြင်းဘေးဖြစ် ပွားမှုများပြားခဲ့သည့်ဒေသများကို ရွေးချယ်ပြီး လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသည့် အိုးအိမ်များ ဖြစ်စေရေး အားဖြည့် မွမ်းမံ ပြင်ဆင်ခြင်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစတင်၍ နှစ်စဉ် ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီး/ ပြည်နယ်(၁၅)ခုတွင် နေအိမ်ပေါင်း (၇၅၀၀၀)ကျော်ကို ကျပ်သန်း(၂၇၀၀)ကျော်ကျခံ၍ အားဖြည့် မွမ်းမံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ နေအိမ်များ အားဖြည့် မွမ်းမံ ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းနှင့်အတူ လေပြင်းဘေးကြို တင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများကိုပါ တစ်ပါတည်းထည့်သွင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ Myanmar National Building Code တွင် အဆောက်အအုံများအား သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိစေရေးအတွက် ဒီဇိုင်းပြုတည်ဆောက်ရမည့်စံနှုန်းများကို သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးက တာဝန်ရှိသူများအနေဖြင့် အမှန်တကယ်ဆောင်ရွက်ရန်လိုအပ်သည့် နေအိမ်များကို စိစစ်ရွေးချယ် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ရပ်ရွာအတွင်း သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း၊ မိမိတို့၏ နေအိမ်များကို ပိုမိုခိုင်ခံ့အောင်ပြုလုပ်ခြင်း၊ ပြန်လည် အားဖြည့် မွမ်းမံခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများမှ လျော့နည်းစေနိုင်မည် ဖြစ်ကြောင်းတို့ကို ပြောကြားပါသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅ ခုနှစ် တွင် ဆောင်ရွက်မည့် လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ Power Point ဖြင့်

ရှင်းလင်းတင်ပြပါကြောင်း၊ စီမံချက်ဖွင့်ပွဲအခမ်းအနားတွင် လက်တွေ့ဆောင်ရွက်မှုပြသမည့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးများက လုပ်ငန်းဆောင် ရွက်မည့် အခြေအနေများကို Online မှ တင်ပြကြပါသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ရမည်းသင်းခရိုင်၊ပျော်ဘွယ်မြို့နယ်၊ ဝွေးဇီးကျေးရွာအုပ်စု၊ ဝွေးဇီးကျေးရွာ၌ လေပြင်းဒဏ်ခံ နိုင်ရည်အားနည်းသည့် နေအိမ်များမွမ်းမံခြင်း လက်တွေ့ဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ တောင်ရပ်ကွက်၌ လေပြင်းဘေး ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်နေမှုနှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေနေမှု၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ တာကောကျေးရွာအုပ်စု၊ ကန်စုကျေးရွာတွင် လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပညာ ပေးဟောပြောပွဲဆောင်ရွက်နေမှုနှင့် နေအိမ်ကြံ့ခိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို Online မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ပြီး ကျေးရွာပြည်သူများအား Online မှတစ်ဆင့် ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားပြီး စီမံချက်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် (၁၄)ခုတွင် နေအိမ်ပေါင်း (၇၅၀၀၀)ကျော်ကို ရန်ပုံငွေကျပ်(၂.၇)ဘီလီယံကျော် ကျခံသုံးစွဲ၍ အားဖြည့်မွမ်းမံခြင်း များဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်လည်း ယခင်နှစ်များနည်းတူ တိုင်းဒေသကြီး/ ပြည်နယ်(၇)ခုတွင် နေအိမ်ပေါင်း(၁၁၀၂၀)လုံးကို ရန်ပုံငွေကျပ်(၇၅၂.၄၀၀) သန်းဖြင့် အားဖြည့်မွမ်းမံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေး ကျင်းပခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို (၆-၁-၂၀၂၅)ရက်နေ့တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်နှင့် အမျိုးသမီးအဖွဲ့များမှ တာဝန်ရှိသူများက In person ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အမျိုးသမီးကော်မတီ အတွင်းရေးမှူးများက Online ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၃၂-၂၀၂၃) ၏ လုပ်ငန်းနယ်ပယ် (၁၂)ရပ်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ NSPAW လုပ်ငန်းကော်မတီ (၁၂)ရပ် က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်မှု ကနဦး အစီရင်ခံစာနှင့် (၂) နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာ တင်သွင်းနိုင်ရေး၊ ကျား၊ မရေးရာလုပ်ငန်းစဉ်များအား ကဏ္ဍစုံတွင်ထည့်သွင်းခြင်း (Gender Mainstreaming) ဆောင်ရွက်နိုင်ရန် ခန့်အပ်ထားသည့် သက်ဆိုင်ရာ ဌာနများမှ Gender Focal Point များက လုပ်ငန်းဆောင်ရွက်မှုများအား(၃) လတစ်ကြိမ် အစီရင်ခံစာ ပြုစုတင်ပြရေးတို့ကို ဆွေးနွေးရန် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် ပုံမှန်အစီရင်ခံစာများ တင်ပြနိုင်ရေး ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ အချက်အလက်များ ပိုမိုပြည့်စုံသည့် အစီရင်ခံစာများရရှိနိုင်ရန် သက်ဆိုင်သည့် ဌာနဆိုင်ရာ/ အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေး

သည် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပါသောအခန်းကဏ္ဍတွင် တည်ရှိနေသည့်အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာမဟာဗျူဟာ စီမံကိန်းကို ကျယ်ကျယ်ပြန့်ပြန့်ရေးဆွဲထားခြင်းဖြစ်၍ အမျိုးသား၊ အမျိုးသမီး အားလုံးသိရှိနိုင်ရန် အသိပညာပေးခြင်းများ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။



**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်** **နေပြည်တော်**

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေး တက်ရောက်လာသည့် ကော်မတီဝင်ဒုတိယဝန်ကြီးများနှင့်ညွှန်ကြားရေးမှူးချုပ်များက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း - NSPAW တွင် ပါဝင်သည့် လုပ်ငန်းနယ်ပယ် (၁၂)ရပ်အနက် လက်ရှိအကောင် အထည်ဖော်ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားရှင်းလင်းဆွေးနွေးခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၂၃ - ၂၀၂၄ဘဏ္ဍာရေးနှစ်အတွင်း NSPAWလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးမှုများအား ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အိန္ဒိယသမ္မတနိုင်ငံနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပခြင်း

အသေးစားဖွံ့ဖြိုးမှု စီမံကိန်းများ (Small Development Projects-SDP) အကောင်အထည်ဖော်ရေးအတွက် အိန္ဒိယနိုင်ငံ၏ အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ ရေးထိုးဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊လူမှုဝန်ထမ်းဦးစီးဌာနကအဆိုပြု

ထားသည့် အိမ်တွင်းမှု သက်မွေးပညာ သင်ကျောင်း (၁၁) ကျောင်းအတွက် စက်ပစ္စည်း ကိရိယာများ ထောက်ပံ့ခြင်းနှင့် ရန်ကုန်အိမ်တွင်းမှု သက်မွေးပညာ သင်ကျောင်းအား အဆင့်မြှင့်တင်ခြင်း၊ ပြန်လည် ထူထောင်ရေးဦးစီးဌာနက အဆိုပြုထားသည့် မူးယစ် ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး စခန်းများ တွင် သင်ထောက်ကူပစ္စည်းများနှင့် သက်မွေး သင်တန်း ပံ့ပိုးခြင်း၊ နားလည်မှုစာချွန်လွှာများလက်မှတ် ရေးထိုးပွဲ အခမ်းအနားအား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်၊ (၁၄:၀၀) နာရီအချိန်တွင် ပြန်လည်ထူထောင်ရေးဦးစီး ဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။




အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါကြောင်း၊ အခမ်းအနားတွင် မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ Deputy Chief of Mission က အဖွင့်အမှာစကားပြောကြားခဲ့ပြီး လူမှုဝန်ထမ်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် နားလည်မှုစာချွန်လွှာ များ လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ မိသားစု ဝင်ငွေတိုးလုပ်ငန်းများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် အတွက်လည်းကောင်း၊ မူးယစ်ဆေးဖြတ်ပြီး သူများ အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက် လည်းကောင်းများစွာအထောက်အကူပြုသည့်နားလည် မှုစာချွန်လွှာများဖြစ်သောကြောင့် အိမ်နီးချင်း အိန္ဒိယ နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိပါသည်။



## မွန်ပြည်နယ်အတွင်းရှိ ဌာနပိုင်မူလတန်းကြိုကျောင်းများရှိ ကျောင်းတွင်း ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများကျင်းပ




မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံး၏ ကြီးကြပ်မှု အောက်တွင် ဖွင့်လှစ်ထားသော ဌာနပိုင် မူလတန်းကြို ကျောင်းများတွင်ကာယစွမ်းရည်ပြိုင်ပွဲများနှင့်ဆုချီးမြှင့် ခြင်းများကို (၂၀.၁၂.၂၀၂၄) ရက်တွင်လည်းကောင်း၊ သံဖြူဇရပ်မူလတန်းကြိုကျောင်းတွင် ကာယစွမ်းရည် ပြိုင်ပွဲကို (၂၅.၁၂.၂၀၂၄) ရက်တွင်လည်းကောင်း၊ ချောင်းဆုံ မူလတန်းကြိုကျောင်းတွင် ကာယစွမ်းရည် ပြိုင်ပွဲကို (၂၆.၁၂.၂၀၂၄) ရက်တွင်လည်းကောင်း၊ အမှတ် (၁) မူလတန်းကြိုကျောင်းတွင် ကာယစွမ်းရည် ပြိုင်ပွဲကို ၂၇.၁၂.၂၀၂၄ ရက်တွင် လည်းကောင်း၊ အမှတ် (၂) မူလတန်းကြိုကျောင်းတွင် ကာယစွမ်းရည် ပြိုင်ပွဲ ကို ၂၇.၁၂.၂၀၂၄ ရက်တွင်လည်းကောင်း၊ သထုံ မူလတန်းကြိုကျောင်းနှင့် အမှတ် (၃)မူလတန်းကြို ကျောင်းများတွင် ကာယစွမ်းရည် ပြိုင်ပွဲများကို ၂.၁.၂၀၂၅ ရက်များတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။



## မန္တလေးလူငယ်သင်တန်းကျောင်းမှ လှုပ်ရှားမှုမှတ်တမ်း



မန္တလေးတိုင်းဒေသကြီး၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မန္တလေးလူငယ် သင်တန်းကျောင်းတွင် လာရောက်ဖွင့်လှစ် သင်ကြားပေးခဲ့သည့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်း (၂၄-၆-၂၀၂၄) ရက်မှ (၂၃-၇-၂၀၂၄) ရက်ထိ သင်တန်းသား (၂၀)ဦးအနက် ထူးချွန် ကျောင်းသား (၉) ဦး၊ အိမ်သုံးလျှပ်စစ်ပစ္စည်းပြုပြင်ရေးနည်းသင်တန်း (၂၆-၈-၂၀၂၄) ရက်မှ (၆-၉-၂၀၂၄) ရက်ထိ သင်တန်းသား (၂၀) ဦးအနက် ထူးချွန်ကျောင်းသား(၅)ဦး၊ စုစုပေါင်း (၁၄) ဦးတို့သည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) ၌ (၂၃-၉-၂၀၂၄) ရက်မှ (၂၉-၉-၂၀၂၄) ရက်ထိ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ် ပြဋ္ဌာန်းရေး အဖွဲ့(NSSA) လက်အောက်ရှိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ (ACC) ၏ Electrician (Building) Level-1 အား ဝင်ရောက် ဖြေဆိုခဲ့ရာမှ ကျရှုံး မှုမရှိ အောင်မြင်ခဲ့ရာ သင်တန်းအောင်မြင်မှုအသိအမှတ်ပြုလက်မှတ်များအား (၂-၁-၂၀၂၅) ရက်တွင် ရရှိပါသဖြင့် လက်မှတ်ပေးအပ်ပွဲအား မန္တလေးလူငယ်သင်တန်းကျောင်း၊ ဘက်စုံသုံး ခန်းမ၌ (၃-၁-၂၀၂၅) ရက်နေ့၊ နံနက်(၉:၀၀)နာရီ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ပြီး လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ ကျောင်းသား(၅၀)ဦး၊ စုစုပေါင်း(၆၀)ဦး တက်ရောက်ခဲ့ပါသည်။



## ရောဝတီတိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ရောဝတီတိုင်းဒေသကြီးအတွင်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၂၂.၁.၂၀၂၅) ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး၌ကျင်းပပြုလုပ်ခဲ့ပါသည်။အစည်းအဝေးသို့ တိုင်းဒေသကြီးအတွင်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေးနှင့် ပြန်လည် ကုစားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါကြောင်း၊(၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များနှင့် ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအား ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသောကော်မတီအဖွဲ့ဝင်များမှဆွေးနွေးခဲ့ကြပါကြောင်းနှင့် ဆက်လက်ပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်းခဲ့ပါသည်။



## အမှတ် (၁) မူလတန်းကြိုကျောင်းနှင့် ပြည်ကြီးကျက်သရေ မူလတန် ကြိုကျောင်းတို့တွင် မီးငြိမ်းသတ်ရေးသရုပ်ပြနှင့် မိဘအသိပညာပေးဆွေးနွေးပွဲကျင်းပခြင်း



လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၇.၁.၂၀၂၅) ရက်၊ နံနက် (၉:၃၀) နာရီတွင် အမှတ်(၁)မူလတန်းကြိုကျောင်း၌မူကြို(၁)ကျောင်းအုပ်၊ ဒုကျောင်းအုပ်၊ ဆရာမများနှင့်ဝန်ထမ်းများ၊ မိဘ (၁၃၆) ဦးနှင့် ပြည်ကြီးကျက်သရေ မူလတန်းကြိုကျောင်းမှ ကျောင်းအုပ် နှင့်ဝန်ထမ်းများ စုစုပေါင်း (၁၇၀)ဦးအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကျရောက်ပါက မီးငြိမ်းသတ်နိုင်ရေး သရုပ်ပြ၍ မိဘအသိပညာပေးဆွေးနွေးပွဲ ကျင်းပ ဆောင်ရွက်ပြီးစီးပါကြောင်း တင်ပြအပ်ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ (၃၁) ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်ဦီစီးမှူးရုံးများဖြစ်သော နေပြည်တော်၊ ပြည်ထောင်စုနယ်မြေတွင်လည်းကောင်း၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့နယ်တို့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြင်ကင်ကျေးရွာ၊ မင်းတည်းကျေးရွာအုပ်စု၊ ဖျောက်ဆိပ်ခုံကျေးရွာတို့တွင်လည်းကောင်း၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ကျိုင်းတုံမြို့နယ်ဦးစီးမှူးရုံး၊ ကျိုင်းတုံမြို့နယ်၊ တောင်ကြီးမြို့နယ်၊ကလောမြို့နယ်၊ညောင်ရွှေမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်လောင်းမြို့နယ်တို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများသည် ဆရာ/ ဆရာမများ၊ကျောင်းသား/ကျောင်းသူများ၊ ရွာသူ/ရွာသားများ စုစုပေါင်း(၅၃၄၇)ဦးတို့အား သဘာဝဘေးနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များအား အသိပညာ ပေးဟောပြောခြင်း၊ နံရံကပ်ပိုစတာနှင့် ဗီးနိုင်းပိုစတာများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။



သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်း
ထောက်ပံ့ရေး
လူမှုရေးရာများနှင့်ပတ်သက်လျှင် HELP LINE ၀၆၇-၃၄၀ ၄၂၂၂ ၀၆၇-၃၄၀ ၄၉၉၉
သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်လျှင် HOT LINE ၀၆၇-၃၄၀ ၄၆၆၆ ၀၆၇-၃၄၀ ၄၇၇၇
၂၄-နာရီ စုံစမ်းမေးမြန်းနိုင်ပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိပါသည်။
ဘေးလျော့ပါးရေး
ပြည်တွင်းနေရပ်စွန့်ခွာသူများဆိုင်ရာကိစ္စရပ်များ

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်ခြင်း



(၂၄-၁-၂၀၂၅) ရက်နေ့တွင်မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မကွေးမြို့နယ်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌လျှင် ဘေးအန္တရာယ်သတ္တိကြာနတ် ဇာတ်တိုက်လေ့ကျင့်ခန်း ကို ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအတွင်း လေပြင်းဘေးကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်း



(၁၂-၁-၂၀၂၅) ရက်နေ့နှင့် (၁၄-၁-၂၀၂၅) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ တကော ကျေးရွာအုပ်စု၊ တကောကျေးရွာ၌ သက်ကြီးရွယ်အို၊ အမျိုးသမီးဦးဆောင်သည့်အိမ်၊ မသန်စွမ်း၊ လူဦးရေများ ပြီးဆင်းရဲနွမ်းပါးသည့်မိသားစုနေအိမ်များအားဦးစားပေး ရွေးချယ်ပြီး လေပြင်းဘေး ကြိုတင်ကာကွယ်ရေး အတွက် အားဖြည့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ သစ္စာရှင်ပရဟိတအဖွဲ့နှင့် ပြည်သူလူထုများပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။



(၂၀-၁-၂၀၂၅) ရက်နေ့တွင် မင်းဘူးခရိုင်ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည်မကွေးတိုင်းဒေသကြီး၊မင်းဘူး (စကု) မြို့နယ်၊ ထုံမကြီးကျေးရွာနှင့် ပေါက်လေးပင် ကျေးရွာတို့၌ လူနေအိမ် (၁၀၀) လုံးအား လေပြင်းဘေး ကြိုတင်ကာကွယ်ရေးအတွက် အားဖြည့်မွမ်းမံပြင်ဆင် ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မင်းဘူး ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌ၊ ခရိုင်/ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ အဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်း ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအတွင်း မီးဘေးထောက်ပံ့မှု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ (၃၁) ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာ မြို့နယ်၌လည်းကောင်း၊ တနင်္သာရီတိုင်း ဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင် ကျေးရွာအုပ်စု၊ မြို့သစ်(၂)ရပ်၊ ဦးမြတ်လေးလမ်းနှင့် အောင်ဆန်းလမ်းမကြီး၌လည်းကောင်း၊ ပြည်ထောင်စု နယ်မြေ၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင် ရပ်ကွက်၌လည်းကောင်း၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊

မရမ်း ကုန်းကျေးရွာ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ဇင်ကျေးရွာအုပ်စု၊ ရွှေနောက်စမ်းကျေးရွာ၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ရန်မျိုးလုံရပ်ကွက်၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ရွှေသူဌေးရပ်ကွက်နှင့် အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်တို့၌လည်းကောင်း၊ ကရင်ပြည်နယ်၊ဘားအံမြို့နယ်ရှိအမှတ်(၄)ရပ်ကွက်၊ သုခလမ်း၊ မြဝတီခရိုင်ရှိ အမှတ်(၅)ရပ်ကွက်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ မအူပင်မြို့နယ်ရှိ ရေလဲကလေးကျေးရွာအုပ်စု၊ ခနွဲကဘိုကျေးရွာ၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ ညောင်ကန်အုပ်စု၊ ရွာသစ်ကျေးရွာ၊ အောင်လံမြို့နယ်ရှိ စက်ရုံရပ်ကွက်နှင့် တောင်တွင်းကြီးမြို့နယ်၊ ပြည့်ညင်အုပ်စု၊ ပြည့်ညင်ကျေးရွာ၌လည်းကောင်း၊ ရှမ်းပြည်နယ်၊ မိုင်းဖြတ်ခရိုင် ဈေးတန်းရပ်ကွက်နှင့် ကျိုင်းတုံခရိုင်ရှိ အမှတ်(၅)ရပ်ကွက်တို့၌လည်းကောင်း မီးဘေးသင့်ပြည်သူစုစုပေါင်း(၃၈၃)ဦးတို့ကို ဆန်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ တို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက် ထောက်ပံ့ခဲ့ကြပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအတွင်း ရေဘေးထောက်ပံ့မှု



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ ရာဂီမုန်တိုင်းသက်ရောက်မှုကြောင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ဘီလူးချောင်းရေမြင့်တက်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ် (၁၅)လုံးအတွက်လည်းကောင်း၊ ယာယီရေဘေးကယ်ဆယ်စခန်း(၃)ခုရှိ ယာယီရေ ဘေးသင့် အိမ်ထောင်စု (၂၆၈) စုမှ ဘေးသင့်လူဦးရေ (၅၈၃)ဦးအတွက်လည်းကောင်း၊ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ ဓမ္မရောင်ခြည်ကျောင်း၊ တာချီလိတ်မြို့နယ်၊ ဝမ်လုံးအုပ်စု၊ စိတ္တသုခ ကျောင်းနှင့် ပင်လောင်းမြို့နယ်၌ လဲလောင်းပေကျောင်းအတွက်လည်းကောင်း ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေ၊ ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ သွားတိုက်ဆေးဘူး၊ သွားတိုက်တံနှင့် Smart ရပ်အင်္ကျီ (ကျားဝတ်) တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ထောက်ပံ့ ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအတွင်း လေပြင်းဘေးထောက်ပံ့မှု



(၁၂-၁-၂၀၂၅)ရက်နေ့တွင်မွန်ပြည်နယ်၊ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာအုပ်စု၊ သာယာကုန်း ကျေးရွာနှင့် သင်ပေါင်းချောင်းကျေးရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန် ပျက်စီးနေအိမ် (၇) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃၅၀,၀၀၀/-)၊ ဘေး သင့်လူဦးရေ (၃၉) ဦးအတွက် ဆန်ရိက္ခာဖိုး

ထောက်ပံ့ငွေကျပ် (၈၁,၉၀၀၀/-) တို့ကို (၁၃-၁-၂၀၂၅) ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးတို့မှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၂-၁-၂၀၂၅)ရက်နေ့တွင်မွန်ပြည်နယ်၊ပေါင်မြို့နယ်၊ ဆားဖိုစုရပ်ကွက်၊ နယ်မြေ (၂) ၌ လေပြင်း တိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးနေအိမ် (၃) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်း ဖိုးထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၄) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂၉,၄၀၀/-) တို့ကို (၁၃-၁-၂၀၂၅) ရက်နေ့တွင် ပေါင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအတွင်းထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှု

**(၁၁-၁၂-၂၀၂၄)** ရက်နေ့မှ **(၂၀-၁၂-၂၀၂၄)**ရက်နေ့အထိ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်သို့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ စစ်ဘေးတိမ်းရှောင်ရောက်ရှိလာသည့် အိမ်ထောင်စု (၆) စုမှ ဘေးသင့်လူဦးရေ (၂၁) ဦးအတွက် ဆန်ရိက္ခာဖိုး(၁) လစာထောက်ပံ့ငွေကျပ် (၁၈၉,၀၀၀/-) ကို (၂၂-၁-၂၀၂၅) ရက်နေ့တွင် ငဖဲမြို့နယ်ဦးစီးမှူးရုံးမှ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



**(၁၅-၁၁-၂၀၂၄)** ရက်နေ့မှ **(၁၀-၁၂-၂၀၂၄)** ရက်နေ့အတွင်း၌ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်း အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းအားနင်းမိ၍ သေဆုံးသူ **(၄)** ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် **(၁,၂၀၀,၀၀၀/-)**၊ ဒဏ်ရာရရှိသူ **(၇)**ဦးအတွက် ဒဏ်ရာရထောက်ပံ့ငွေကျပ် **(၃၅၀,၀၀၀/-)**အား **(၈-၁-၂၀၂၅)** ရက်နေ့တွင် ကယားပြည်နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၈-၁၂-၂၀၂၄) ရက်နေ့တွင် ပုလောမြို့နယ် ဦးစီးမှူးရုံးမှတာဝန်ရှိသူများသည်တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာကျေးရွာအုပ်စု၊ ကျောက္ကာကျေးရွာ၌ ဖြစ်ပွားခဲ့သည့် စက်လှေနစ်မြုပ်မှုကြောင့် သေဆုံးသူ (၁၇) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၅,၁၀၀,၀၀၀/-)၊ဒဏ်ရာရရှိသူ(၁၁)ဦးအတွက်ဒဏ်ရာရထောက်ပံ့ငွေကျပ် (၅၅၀,၀၀၀/-) တို့ကို (၂၈-၁၂-၂၀၂၄) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



**(၃၀-၁၂-၂၀၂၄)** ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဆင်ဖြူကျေးရွာအုပ်စု၊ ဆင်ဖြူကျေးရွာ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် မီးလောင်မှုဖြစ်ပွားကာ လုံးဝပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၃၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၄-၁-၂၀၂၅) ရက်နေ့တွင် တောင်သာမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

**(၃၀-၁၂-၂၀၂၄)** ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊သာယာမြိုင်ကျေးရွာ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် မီးလောင်မှုဖြစ်ပွားကာ လုံးဝပျက်စီး လူနေအိမ် (၆) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၇၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၂၉) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၀,၉၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၄-၁-၂၀၂၅) ရက်နေ့တွင် တောင်သာမြို့နယ်ဦးစီးမှူးရုံးမှ သွား ရောက်ထောက်ပံ့ခဲ့ပါသည်။

## စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း



မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေး စခန်း(ဝက်ထီးကန်)၌စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကို (၁၀-၁၀-၂၀၂၄) ရက်နေ့မှ (၇-၁-၂၀၂၅) ရက်နေ့အထိ သင်တန်းသား (၂၀)ဦးဖြင့် သင်တန်းကာလ (၉၀)ရက် ကြာဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး (၁၁-၁-၂၀၂၅) ရက်နေ့၌သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြင့်က သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာန၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသားများ စုစုပေါင်း (၈၀)ဦးခန့် တက်ရောက်ခဲ့ပါကြောင်းသတင်းရရှိပါသည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်း

မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းအား ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ၇-၁-၂၀၂၅ ရက်နေ့မှ ၈-၁-၂၀၂၅ ရက်နေ့အထိလည်းကောင်း၊ သာကေတမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် (၁၃-၁-၂၀၂၅) ရက်နေ့မှ (၁၄-၁-၂၀၂၅) ရက်နေ့အထိ လည်းကောင်း၊ သန်လျင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် (၁၆-၁-၂၀၂၅) ရက်နေ့မှ (၁၇-၁-၂၀၂၅) ရက်နေ့အထိလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။



## စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း



မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ) ၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကို (၁၄-၁၀-၂၀၂၄) ရက်နေ့မှ (၁၁-၁-၂၀၂၅) ရက်နေ့အထိ သင်တန်းသား (၂၀)ဦးဖြင့် သင်တန်းကာလ (၉၀) ရက်ကြာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၁၁-၁-၂၀၂၅ ရက်နေ့၌ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ ခရိုင်လူမှုဝန်ထမ်းရုံးမှဒုတိယညွှန်ကြားရေးမှူးဒေါ်ခင်ခင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ သင်တန်းသားများ စုစုပေါင်း (၄၀) ဦးခန့် တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အာရခန်ဂလစ်မြို့၌ ဆောင်ရွက်သော လုံခြုံစိတ်ချရသော အာတိတ်ဒေသလေ့ကျင့်ခန်းအစီအစဉ် ၂၀၂၅သို့ ပါဝင်တက်ရောက်ခြင်း




**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်** **ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အာရခန်ဂလစ်မြို့၌ (၂၉-၁-၂၀၂၅) ရက်နေ့မှ (၃၁-၁-၂၀၂၅) ရက်နေ့အတွင်း ဆောင်ရွက်ခဲ့သော လုံခြုံစိတ်ချရသော အာတိတ်ဒေသလေ့ကျင့်ခန်း အစီအစဉ် ၂၀၂၅ သို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည်(၂၉-၁-၂၀၂၅)ရက်နေ့တွင် ရုရှားမျိုးချစ်သူရဲကောင်းများ ဗိမ္ဗာန်၌ ကျင်းပသော အမှတ်တရအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ် အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာရခန်ဂလစ်မြို့ မြို့တော်ဝန်၊ ဘီလာရုစ်နိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အီရန်နိုင်ငံ၊ ဆော်ဒီအာရေး ဗီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း နှစ်ဆယ့်ငါးနိုင်ငံမှ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပါဝင်တက် ရောက်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံအသီးသီးမှ အခမ်းအနားတက်ရောက်သူများနှင့်အတူ တစ်မိနစ်ငြိမ်သက်အသိအမှတ်ပြုခြင်း၊ အမှတ်တရ ပန်းစည်းချခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် အာရခန်ဂလစ်မြို့ မြောက်ဒီဗီနာ မြစ်ကမ်းပါးရှိ ဇာတ်တိုက် လေ့ကျင့်ခန်း ပြုလုပ်မည့်နေရာသို့ သွားရောက်ကာ ရေခဲပြင်ရှာဖွေ ကယ်ဆယ်ရေးသုံး ခေတ်မီယာဉ်ယန္တရားများအသုံးပြု ကူညီကယ်ဆယ်မှု၊ ရေခဲပြင်ပေါ်၌ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသူများ ယာယီနားခိုရန်နှင့် စောင့်ရှောက်မှုပေးရန် ဆောင်ရွက် ထားရှိမှုများအား လေ့လာကြည့်ရှု၍ ရုရှားနိုင်ငံမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများကို သိရှိလိုသည် များ မေးမြန်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဇာတ်တိုက်လေ့ကျင့်မှု ဖြစ်စဉ်အဖွင့် အရရေခဲပြင်အတွင်းပိတ်မိနေသည့်အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွား သင်္ဘောတစ်စီးပေါ်ရှိ အန္တရာယ် ကြုံတွေ့ရသူများအား ဘေးအန္တရာယ် ရှာဖွေကယ်ဆယ် ကူညီရေးအဖွဲ့များမှ မောင်းသူမဲ့လေယာဉ်၊ ရေခဲပြင် သွား ရုပ်ပြေးယာဉ်၊ ရဟတ်ယာဉ်၊ ရေခဲပြင်သွား လူနာတင်ယာဉ်များအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းနှင့် လိုအပ်သည့်ထောက်ပံ့ ကူညီမှုများ ဆောင်ရွက်ခြင်း တို့အတွက် ရုရှားနိုင်ငံနှင့် မိတ်ဆွေနိုင်ငံများမှ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်နိုင်ရေးဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်မှုအား ကြည့်ရှုအားပေးခဲ့ပါသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေး

စီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သည် ပြည်ထောင်စုဝန်ကြီးအား တွေ့ဆုံနှုတ်ဆက်ကာ ဇာတ်တိုက် လေ့ကျင့်မှုအား တက်ရောက်မှုအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ရေခဲပြင်ဒေသများတွင် ဘေးအန္တရာယ်ကြုံတွေ့ပါက ကူညီကယ်ဆယ်ရေးအတွက် ခေတ်မီစက် ယန္တရားများအသုံးပြုမှုကိုလေ့လာခွင့်ရရှိခြင်းသည် မြန်မာနိုင်ငံအတွက် အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရရှိမည်ဟု ယုံကြည်ကြောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါကြောင်း၊ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ရေခဲတောင်များရှိသည့် တစ်ခုတည်းသော နိုင်ငံဖြစ်ကြောင်း၊ ရေခဲတောင်ဒေသတွင် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကူညီကယ်ဆယ် ပံ့ပိုးရန် ကန့်သတ်ချက်များ ရှိနေသော်လည်း ယခုဇာတ်တိုက်လေ့ကျင့်မှုမှ အတွေ့အကြုံကောင်းများစွာ လေ့လာခွင့်ရရှိပါကြောင်း၊ သဘာဝဘေးကူညီမှုဆိုင်ရာဆက်စပ်လုပ်ငန်းကဏ္ဍများတွင်လိုအပ်သလိုဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားကာ ဇာတ်တိုက် လေ့ကျင့်မှုနှင့်စပ်လျဉ်း၍ အကြံပြုမေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းအာတိတ်ဒေသ ဖက်ဒရယ်တက္ကသိုလ်သို့ သွားရောက်၍ အာတိတ်ရေခဲပြင်တွင် ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များအား ကြိုတင်သတိပေးခြင်း၊ တုံ့ပြန်ခြင်းတို့တွင် အသုံးပြုသည့် အဆင့်မြင့်နည်းပညာသုံးစက်ကိရိယာများပြပွဲ၏ ဖွင့်ပွဲအခမ်းအနားအား နိုင်ငံနိုင်ငံမှ(၂၅)ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊တာဝန်ရှိသူများနှင့်အတူတက်ရောက်ခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ တက္ကသိုလ်တွင် ကျင်းပသည့် အာတိတ်ဒေသဘေးကင်းလုံခြုံမှုအတွက် ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများ ဆိုင်ရာစားပွဲဝိုင်းဆွေးနွေးပွဲသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာတိတ်ဒေသ ဘေးကင်းလုံခြုံရေးကဏ္ဍ အသီးသီးက ကြိုးစားဆောင်ရွက်နေမှုနှင့် တက်ရောက်လာသည့် နိုင်ငံအလိုက် သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံဖလှယ်ခြင်း ညီလာခံသို့ဆက်လက်တက်ရောက်ခဲ့ပါသည်။ ညီလာခံတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန၊ တက္ကသိုလ်များနှင့် လူမှုအဖွဲ့အစည်းများက အာတိတ်ဒေသရှိ လူပုဂ္ဂိုလ်များ ပြင်းထန်သော ရာသီဥတုအခြေအနေအောက်တွင် ဘေးကင်းလုံခြုံရေး စုစည်းဆောင် ရွက်မှုဆိုင်ရာ သုတေသနနှင့် အတွေ့အကြုံ တွေ့ရှိချက်များအား တင်ပြဆွေးနွေးကြပါသည်။ မြန်မာနိုင်ငံ အနေဖြင့်လည်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အတွက် ဆောင်ရွက်နေမှုအခြေအနေ၊ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများအား ပါဝင်တင်ပြဆွေးနွေးခဲ့ပါသည်။

ယင်းနောက် အာရခန်ဂလစ်မြို့ မြို့တော်ဝန်က ဘေးကင်းလုံခြုံသော အာတိတ်ဒေသ အစီအစဉ် အမှတ်တရညစာစားပွဲအား မြို့တော်ခန်းမ၌ တည့်ခင်းဧည့်ခံခဲ့ရာ အခြားနိုင်ငံအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်း မိုခါကြောင့် ဘေးသင့်သူများအား ပံ့ပိုးကူညီခဲ့သည့် ရုရှားဖက်ဒရေးနိုင်ငံနှင့် ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာနတို့အား အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

